# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

August 18 , 2023 Volume 69, Number 13

၁၈.၈.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၉၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၃.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၆.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၁.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၄.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၁၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၆၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၇၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၂.၃၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၃၆၄ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## 5th China-Southeast Asia Business Forum သို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တက်ရောက်




တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့၌ ကျင်းပပြုလုပ်သည့် " ( ၇ ) ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/ သွင်းကုန် ကုန်စည်ပြပွဲ" (7th China-South Asia Exposition and 27th China(Kunming) Export/ Import Fair) သို့ တက်ရောက်ရန် ကူမင်းမြို့သို့ ရောက်ရှိနေသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးအောင်နိုင်ဦးသည် ဩဂုတ်လ ၁၇ ရက်နေ့၊ ဒေသစံတော်ချိန် နံနက်(၉:၃၀) အချိန်တွင် Wyndham Hotel ၌ ကျင်းပသည့် ၅ ကြိမ်မြောက် တရုတ်-အရှေ့တောင်အာရှ စီးပွားရေးဖိုရမ်သို့ တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်အစိုးရ၊ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Na Yunde၊ အာဆီယံ-တရုတ်စင်တာမှ အထွေထွေအတွင်းရေးမှူး၊ တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်သည်များအသင်းဥက္ကဋ္ဌတို့က အသီးသီးအဖွင့်အမှာစကားများ ပြောကြားခဲ့ကြပါသည်။

အဆိုပါဖိုရမ်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကို အာရုံစိုက်ဆောင်ရွက်ရန် အရေးပါသောအချိန်ကာလ

ဖြစ်ပါကြောင်း၊ ယခုနှစ်ဖိုရမ်၏ အဓိကဆောင်ပုဒ်ဖြစ်သော "စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုကိုမြှင့်တင်ရန် ဒေသတွင်း စက်မှုလုပ်ငန်းကွင်းဆက်ကို အားပေးမြှင့်တင်ရန်" ဆိုသည့်အချက်ကို ထောက်ခံပါကြောင်း၊ ဤဆောင်ပုဒ်သည် တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါသည့်အချက်ကို အထူးပြုနေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံစီးပွားရေးဆိုင်ရာ လုပ်ငန်းစဉ်များကို တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိရာ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံရှိကဏ္ဍများစွာတွင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့ရန် အလားအလာများစွာ ရှိနေပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့်တည်ငြိမ်ရေးအတွက် မောင်းနှင်အားတစ်ရပ်ဖြစ်သည့် ပုဂ္ဂလိကကဏ္ဍ၏ အရေးပါမှုကိုလည်း အသိအမှတ်ပြုပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်တကွ အရှေ့တောင်အာရှနိုင်ငံများနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားသောနယ်ပယ်များတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့်အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် အနာဂတ်အလားအလာနှင့် အခွင့်အလမ်းကောင်းများကို ဖော်ထုတ်နိုင်ရန် အတွက် စီးပွားရေးအသိုက်အဝန်းများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရန်လိုအပ်ပါကြောင်း၊ ယင်းသို့ပူးပေါင်း ဆောင်ရွက်ရာတွင် နိုင်ငံအသီးသီး၏ မူဝါဒများနှင့်လိုအပ်ချက်များ၊ ရည်မှန်းချက်များအပေါ်တွင် အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဖိုရမ်ကို အစီအစဉ်အတိုင်းဆက်လက်ကျင်းပခဲ့ရာ ၅ ကြိမ်မြောက် တရုတ်-အရှေ့တောင်အာရှ စီးပွားရေးဖိုရမ်၏ အလှည့်ကျသဘာပတိအဖြစ် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းက ဆောင်ရွက်ခဲ့ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပြောကြားခဲ့ပါသည်။ ထို့နောက် အရှေ့တောင် အာရှနိုင်ငံများမှ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းများမှဥက္ကဋ္ဌများနှင့် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ရှိ ပြည်နယ်ခွဲများမှ အစိုးရကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့်အတူ ကူမင်းမြို့၊ Haigeng Garden Hotel တွင် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဝမ်ယွီပေါမှ တည်ခင်းဧည့်ခံသော အလုပ်သဘော နေ့လည်စာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး RCEP ကုန်စည်ဖြန့်ဖြူးရေးစင်တာသို့ သွားရောက်လေ့လာ



(၇) ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲသို့ တက်ရောက်ရန် တရုတ်နိုင်ငံ၊ ကူမင်းမြို့သို့ ရောက်ရှိနေသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေလိုက်ပါ၍ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့၊ (၁၄:၀၀) နာရီအချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့၊ China (Yunnan) Pilot Free Trade Zone ရှိ RCEP ကုန်စည်ဖြန့်ဖြူးရေးစင်တာသို့ သွားရောက်လေ့လာခဲ့သည်။

ပြည်ထောင်စုဝန်ကြီးကို စင်တာမှတာဝန်ရှိသူများက RCEP ကုန်စည်ဖြန့်ဖြူးရေးစင်တာရှိ တောင်အာရှနှင့်အရှေ့တောင်အာရှ ကုန်စည်ပြခန်းနှင့်ရောင်းဝယ်ရေးစင်တာတွင် ပြသထားသော တောင်အာရှနှင့်အရှေ့တောင်အာရှနိုင်ငံများမှ ထုတ်ကုန်များ ခင်းကျင်းပြသရောင်းချနေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့ပါသည်။ ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် RCEP နိုင်ငံများမှ ထုတ်ကုန်များကို နိုင်ငံအလိုက် Studio အခန်းများမှ Online Live Streaming ဖြင့် တိုက်ရိုက် မိတ်ဆက်ရောင်းချနေမှု အခြေအနေများ၊ နေ့စဉ်ကုန်ပစ္စည်းများ ရောင်းချနိုင်မှုနှင့် ဖြန့်ဖြူးမှုအခြေအနေများကို ကြည့်ရှုလေ့လာခဲ့သည်။

အဆိုပါစင်တာသည် တောင်အာရှနှင့်အရှေ့တောင်အာရှနိုင်ငံများ၏ ထုတ်ကုန်များအား တရုတ်နိုင်ငံအတွင်းသို့ ဖြန့်ဖြူးရောင်းချရာတွင် မဟာဗျူဟာကျသည့် ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင်တည်ရှိပြီး ကုန်သည်လုပ်ငန်းရှင်များအတွက် နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းများကို အဆင်ပြေလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် ပြီးပြည့်စုံသော ဝန်ဆောင်မှုလုပ်ငန်းများ ထည့်သွင်းထားသည့် ကုန်စည်ဖြန့်ဖြူးရေး စင်တာဖြစ်ပြီး မြန်မာထွက်ကုန်များကိုလည်း တရုတ်နိုင်ငံအတွင်း online မှ တဆင့် ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%

## (၇) ကြိမ်မြောက် တရုတ်–တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်၊သွင်းကုန် ကုန်စည်ပြပွဲက မြန်မာနိုင်ငံမှ ထုတ်ကုန်များအတွက် ဈေးကွက်အခွင့်အလမ်းကောင်းများရှိဟုဆို




တရုတ်နိုင်ငံ ကူမင်းမြို့တွင် ကျင်းပလျက်ရှိသော (၇)ကြိမ်မြောက် တရုတ်–တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်၊သွင်းကုန် ကုန်စည်ပြပွဲက မြန်မာ့ထုတ်ကုန်များ ဈေးကွက်ချဲ့ထွင်ရန် ထူးထူးခြားခြားလမ်းကြောင်း တစ်ခုဖြစ်ကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက ဆင်ဟွာသို့ ပြောသည်။

"မြန်မာနိုင်ငံအနေနဲ့ တရုတ်–တောင်အာရှ ကုန်စည်ပြပွဲနဲ့ တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲကို နှစ်စဉ်ပါဝင်ပြသခဲ့ပါတယ်။ ကိုဗစ်ကာလမှာတော့ ခဏရပ်ခဲ့ကြတယ်။ အခုကျတော့ မြန်မာနိုင်ငံရဲ့ ပို့ကုန်လုပ်ငန်းရှင်များအနေနဲ့လည်း ဒီကုန်စည်ပြပွဲမှာ ပါဝင်ပြသဖို့ စိတ်အားထက်သန်ကြတယ်။ မြန်မာနိုင်ငံအနေနဲ့ ပို့ကုန်မြှင့်တင်နိုင်ဖို့ အတွက်ကို ကျွန်တော်တို့ဌာနအနေနဲ့လည်း ကုန်သည်လုပ်ငန်းရှင်တွေနဲ့ပူးပေါင်းပြီး ပါဝင်ပြသခဲ့ပါတယ်"ဟု ဒေါက်တာထိန်လင်းက ပြောသည်။

ယခုကျင်းပလျက်ရှိသည့် ကုန်စည်ပြပွဲသည် ဖိုရမ်များလည်းပါသည့်အတွက် ထိုဖိုရမ်များမှတဆင့် စီးပွားရေး အခွင့်အလမ်းကောင်းများ၊ ဖြေလျှော့မှုများ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရောင်းဝယ်ဖောက်ကားမှုများ၊ ကူးလူးဆက်ဆံမှုများ၊ ကုန်ပစ္စည်းများ နိုင်ငံဖြတ်ကျော်တင်ပို့ရောင်းချမှုများတွင် ပိုမိုလွယ်ကူစေရန် ဆောင်ကြဉ်းပေးနိုင်မှုများအား ဖိုရမ်များ၌ ဆွေးနွေးကြမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ "ကုန်စည်ပြပွဲက ဖိုရမ်တွေမှာဆွေးနွေးမှုတွေက ကျစ်လစ်ခိုင်မာစွာ အမှီသဟဲပြုပြီး ကောင်းတဲ့ဘက်ကိုဦးတည်တဲ့ ကုန်စည်ပြပွဲတစ်ခုလို့မြင်ပါတယ်" ဟု ဒေါက်တာထိန်လင်းက ၎င်း၏အမြင်ကို သုံးသပ်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံမှ ကျင်းပလျက်ရှိသည့် ကုန်စည်ပြပွဲများစွာရှိကြောင်းသိရသည်။ "အဲဒါကတော့ အခုပြောနေတဲ့ တရုတ်–တောင်အာရှကုန်စည်ပြပွဲနဲ့ တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲရှိတယ်။ နန်နင်းကုန်စည်ပြပွဲ၊ ရှန်ဟိုင်းကုန်စည်ပြပွဲ၊ နယ်စပ်မှာကျင်းပတဲ့ ကုန်စည်ပြပွဲတွေရှိတယ်။ အဲဒီကုန်စည်ပြပွဲတွေမှာ မြန်မာနိုင်ငံက နှစ်စဉ်ဝင်ရောက်ပြသခဲ့ကြပါတယ်။ အဲဒီကုန်စည်ပြပွဲတွေကြောင့် တရုတ်ဈေးကွက်ကိုသာမက အာဆီယံမှာရှိတဲ့ ဈေးကွက်ကိုလည်း Made in Myanmar ဆိုတဲ့ ကုန်ပစ္စည်းတွေကို လူတွေပိုမိုသိရှိစေနိုင်မယ်။ ဈေးကွက်အခွင့်အလမ်းကောင်းတွေရရှိစေနိုင်မယ်။ သူများနိုင်ငံကပြသတဲ့ ကုန်ပစ္စည်းနမူနာတွေကို ကြည့်ရှုအတုယူနိုင်တဲ့အတွက် တောင်အာရှနိုင်ငံတွေရော၊ တရုတ်နိုင်ငံအတွက်ရော ကောင်းတယ်လို့ မြင်ပါတယ်။ နောင်လာမယ့် ကုန်စည်ပြပွဲတွေမှာလည်း သွားရောက်ပြသဖြစ်မှာပါ" ဟု ၎င်းကဖြည့်စွက်ပြောကြားသည်။

ယခုကျင်းပလျက်ရှိသည့် ကုန်စည်ပြပွဲတွင် ပြခန်းပေါင်း ၃၅ ခန်း၌ မြန်မာကုန်သည် လုပ်ငန်းရှင်ပေါင်း ၁၀၀ ကျော် ပါဝင်တက်ရောက်လျက်ရှိကြောင်း သိရသည်။ မြန်မာကုန်သည် လုပ်ငန်းရှင် ၁၀၀ ကျော်က မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန် ပစ္စည်းများ၊ လက်မှုအနုပညာပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် အဖိုးတန်ကျောက်မျက်ရတနာပစ္စည်းများကို ကုန်စည် ပြပွဲတွင် ပါဝင်ပြသလျက်ရှိကြောင်း သိရသည်။

၇ ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲကို ဩဂုတ် ၁၆ ရက်မှ စတင်ကာ ဩဂုတ် ၂၀ ရက်အထိ ၅ ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ “ကုန်စည်ပြပွဲမှာ ပါဝင်ပြသခွင့်ရတာဖြစ်တဲ့အတွက်ကြောင့် သူတို့ရဲ့ကုန်ပစ္စည်းတွေနဲ့ ပတ်သက်ပြီး ဈေးကွက်ချိတ်ဆက်လို့ရနိုင်တဲ့ အခွင့်အလမ်းကောင်းတွေ ရရှိစေနိုင်မယ်။ ပို့ကုန်ပစ္စည်းကို တကယ်ဝယ်ယူနိုင်မယ့် တရုတ်ဈေးကွက်က စားသုံးသူတွေနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံပြီးတော့ တိုက်ရိုက် အဆက်အသွယ်တွေ ရရှိစေနိုင်တယ်။ မြန်မာနိုင်ငံက ကုန်ပစ္စည်းတွေကို တိုးမြှင့်ပြီးတော့တင်ပို့ပေးနိုင်မယ့် အလားအလာကောင်းတွေ ရရှိစေနိုင်တဲ့အတွက် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ကုန်သည်လုပ်ငန်းရှင်တွေအတွက် အကျိုးကျေးဇူးအများကြီး ရရှိစေနိုင်ပါတယ်” ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

(၇) ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ကျောက်မျက်ရတနာ အရောင်းဆိုင် ၂၀ ဝန်းကျင် ပါဝင်ပြသလျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးဇော်ဘိုခန့်က “ဒီလိုပွဲတွေပြတဲ့အခါမှာ စီးပွားရေး ကောင်းမွန်ဖို့အတွက် ကျွန်တော်တို့က မျှော်လင့်တာပါပဲ။ အခုလို ကုန်စည်ပြပွဲတွေမှာဖိတ်ကြားပြီး ပါဝင်ပြသရမယ်ဆိုရင် Business Opportunity တွေ အများကြီးရရှိမယ်လို့ မျှော်လင့်ပါတယ်။ ရရှိခဲ့တာလည်းရှိပါတယ်။ ဒီလိုမျိုးအမြဲကုန်စည်ပြပွဲ တွေမှာ ပါဝင်ပြသခွင့်ရတယ်ဆိုရင် တရုတ်နိုင်ငံမှာရှိတဲ့ လုပ်ငန်းရှင်တွေနဲ့လည်း ထိတွေ့ခွင့်ရတဲ့အတွက် ကောင်းမွန်တဲ့ စီးပွားရေးအကျိုးကျေးဇူးတွေရှိမယ်လို့ ကျွန်တော်အနေနဲ့ယုံကြည်ပါတယ်။ ဥပမာအားဖြင့် ကျောက်မျက်ကဏ္ဍကိုပြောရရင် ကုန်စည်ပြပွဲကိုပြသပြီးပြီဆိုရင် တရုတ်နိုင်ငံကကုန်သည်တွေက ကျောက်မျက်ရတနာအပေါ်မှာ စိတ်ဝင်စားမှု မြင့်တက် လာတယ်။ ကျွန်တော်တို့ဆီက ပုတီးတွေ၊ လက်ကောက်တွေကို ပိုပြီးအော်ဒါတွေရတဲ့အတွက် ကျွန်တော်တို့အတွက် Business Opportunity တွေ ပိုရတယ်လို့ ဆိုလိုတာဖြစ်ပါတယ်” ဟု ဆင်ဟွာသို့ပြောသည်။

“တရုတ်နိုင်ငံက ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တယ်။ တရုတ်နိုင်ငံက ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ အဓိက ကုန်သွယ်ဖက် မိတ်ဖက်နိုင်ငံဖြစ်တယ်လို့ ကျွန်တော်တို့က ယူဆပါတယ်။ တရုတ်နိုင်ငံက စီးပွားရေးတိုးတက်တာနဲ့အမျှ ရေမြင့်ရင် ကြာတင့်သလို အိမ်နီးချင်းနိုင်ငံတွေလည်း တိုးတက်မှာဖြစ်တယ်။ ကျွန်တော်တို့ရဲ့ စိုက်ပျိုးရေးထွက်ကုန်၊ တွင်းထွက် သယံဇာတတွေ၊ တချို့ကလည်း တရုတ်နိုင်ငံ semi-finished product တွေရှိတယ်။ အဲဒါတွေကိုလည်း ကုန်သွယ်ခွင့်ရတယ်။ ထို့အတူ တရုတ်နိုင်ငံ တစ်ကမ္ဘာလုံးအတွက် ဈေးကွက်ကြီးတဲ့အတွက် ထုတ်ကုန်တွေက ဈေးနှုန်းတွေက ကျွန်တော်တို့ နိုင်ငံအနေနဲ့လည်း သင့်တင့်လျောက်ပတ်တဲ့ ဈေးနှုန်းတွေနဲ့သုံးလို့ရတယ်။ ကျွန်တော်တို့နှစ်နိုင်ငံသည် တကယ့်ကို mutually benefit ဖြစ်တဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တယ်လို့ ယူဆပါတယ်” ဟု ဦးဇော်ဘိုခန့်က ဆက်ပြောသည်။

(၇) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက်တရုတ် (ကူမင်း) ပို့ကုန်၊သွင်းကုန်ကုန်စည်ပြပွဲ ဒုတိယနေ့ဖြစ်သည့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်တွင် မြန်မာနိုင်ငံမှ ဆက်လက်ပါဝင်ပြသခဲ့ပြီး မြန်မာနိုင်ငံပြခန်းဆောင်၌ ယဉ်ကျေးမှုအကပဒေသာများဖြင့် ဖျော်ဖြေခဲ့ရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိပြီး ပြခန်းဆောင်အတွင်း ပြသထားသည့် မြန်မာနိုင်ငံ၏ အထင်ကရ ခရီးသွားနေရာများကိုလည်း ပြပွဲသို့ လာရောက်သူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထို့အပြင် တရုတ်ကုမ္ပဏီများအနေဖြင့် မြန်မာသီဟိုဠ်စေ့များကို စိတ်ဝင်စားကြပြီး မြန်မာနိုင်ငံမှ သီဟိုဠ်စေ့ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးလိုသဖြင့် ချိတ်ဆက်ပေးနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံပြခန်းဆောင်၏ ကုန်စည်ပြခန်းတွင် ပြသထားသည့် မြန်မာ့ ထုတ်ကုန်ပစ္စည်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လက်ကမ်းစာစောင်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ လက်ကမ်းစာစောင်များကို ပြပွဲသို့လာရောက်သူများက စိတ်ဝင်တစားကြည့်ရှုလေ့လာကြကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဒေါက်တာထိန်လင်းက “ဒီကုန်စည်ပြပွဲမှာ ပါဝင်ပြသခဲ့ရတဲ့အတွက် မြန်မာနိုင်ငံကထွက်ရှိတဲ့ လယ်ယာထွက်ကုန် ပစ္စည်းတွေဖြစ်တဲ့ ဆန်၊ ပဲ၊ ပြောင်း၊ နှမ်းတွေနဲ့အတူ ကျောက်စိမ်းအပါအဝင် လက်ဝတ်ရတနာတွေ တရုတ်ဈေးကွက်ကို ဝင်ရောက်ထိုးဖောက်နိုင်တဲ့ အခွင့်အလမ်းကောင်းတွေရရှိမှာဖြစ်ပါတယ်။ ဒါနဲ့အတူ ရေထွက်ကုန်ပစ္စည်းတွေ၊ တိရစ္ဆာန် ထွက်ကုန်ပစ္စည်းတင်ပို့တဲ့ကဏ္ဍတွေမှာ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မယ်လို့ထင်ပါတယ်”ဟု ပြောသည်။

"တောင်အာရှပွဲကနေ မြန်မာနိုင်ငံအတွက် ကောင်းမွန်တဲ့ အခွင့်အလမ်းတွေ ယူဆောင်လာနိုင်မယ်လို့ ထင်ပါတယ်။ ကုန်စည်ပြပွဲတွေက တရုတ်နိုင်ငံက တာဝန်ကျေတယ်ဗျ။ အမြဲတမ်းလည်းကျင်းပတယ်။ နိုင်ငံတကာကိုလည်းဖိတ်ကြားပြီး ပြသခိုင်းတယ်ဆိုတော့ ကျွန်တော်တို့လည်းသွားခွင့်ရတယ်။ အဲဒီလို ပံ့ပိုးမှုကို ကျေးဇူးတင်တယ်။ ထို့အတူလည်း ကျွန်တော်တို့နိုင်ငံမှာလည်းလာပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်မယ်ဆိုရင် ပိုပြီးတော့ဝမ်းသာတာပေါ့"ဟု ဦးဇော်ဘိုခန့်ကပြောသည်။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှကျင်းပမည့် ကုန်စည်ပြပွဲများအားလုံးတွင် ပါဝင်ပြသသွားမည်ဖြစ်ကြောင်း ဒေါက်တာထိန်လင်းကပြောသည်။

**Source:** https://xinhuamyanmar.com/news/sino-myanmar/nm-2308018003/

## မကွေးမှာ ကြက်သွန်နီစိုက်ဧက ၁ သောင်းကျော်နဲ့ အာလူးစိုက် ဧက ၆၀၀ ကျော် တိုးချဲ့စိုက်မယ်




စားသုံးမှုများတဲ့ စားဖိုဆောင် သီးနှံတွေဖြစ်ကြတဲ့ ကြက်သွန်နီနဲ့ အာလူးများ ဈေးကောင်းလာမှုကြောင့် မကွေးတိုင်းဒေသကြီးအတွင်း ယခုနှစ်စိုက်ပျိုးရာသီမှစတင်၍ ကြက်သွန်နီဧက ၁၀,၀၀၀ ကျော်နဲ့ အာလူးဧက ၆၀၀ ကျော်တို့ကို တိုးချဲ့စိုက်ပျိုးသွားဖို့ ရှိနေတယ်လို့ စိုက်ပျိုးတောင်သူများထံမှ သိရပါတယ်။

မကွေးတိုင်းဒေသကြီးအတွင်း ယခင်နှစ်က ကြက်သွန်နီစိုက်ပျိုးမှုအနေဖြင့်လည်း ဧက ၄၀,၀၀၀ ခန့်ရှိပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် ပိဿာချိန် ၄၅၀၀မှ ၅၀၀၀ခန့်အထိ ထွက်ရှိထားတာဖြစ်ကာ အခုနှစ်မှာတော့ ဧက ၁၀,၀၀၀ ကျော် ထပ်မံတိုးချဲ့ စိုက်ပျိုးမှာဖြစ်၍ အထွက်နှုန်းကိုလည်း တစ်ဧကလျှင် ပိဿာ ၆,၀၀၀ လောက် အထိ ထွက်ရှိနိုင်ဖို့ ရည်မှန်းဆောင်ရွက်သွားမှာဖြစ်တယ်လို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက သိရပါတယ်။

ကြက်သွန်အပြင် အာလူးစိုက်ဧကတွေကိုလည်း ယခင်နှစ်က ဧက ၇၀၀ ကျော်စိုက်ပျိုးခဲ့ရာမှ အခုနှစ်မှာတော့ ဧက ၆၀၀ ကျော်အထိ တိုးချဲ့စိုက်ပျိုးသွားဖို့ ပြင်ဆင်နေတာလို့ သိရပါတယ်။ အာလူးအထွက်နှုန်းမှာလည်း တစ်ဧက လျှင် ပိဿာချိန် ၄၀၀၀ မှ ၆၀၀၀နီးပါးအထိ ထွက်ရှိနေပြီး အမြင့်ဆုံးအထွက်နှုန်းထက် ကျော်လွန်ထွက်ရှိလာစေဖို့ ရည်မှန်း ဆောင်ရွက်နေတာလို့လည်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနတာဝန်ရှိသူက ပြောပါတယ်။

မကွေးတိုင်းအတွင်း ကြက်သွန်နီနဲ့အာလူးတွေကို နှစ်စဉ် အောက်တိုဘာနဲ့နိုဝင်ဘာလတွေမှာစိုက်ပျိုးတယ်။ ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလတွေမှာ တူးဖော်ကြတယ်။ အများစုက စားဖိုဆောင်သီးနှံတွေဖြစ်တဲ့ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးနဲ့ ငရုတ်စိုက်တာများတယ်လို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူက ပြောဆိုထားတာပါ။

ကုန်ခဲ့တဲ့ ဇူလိုင်လအစောပိုင်းက ကြက်သွန်နီဈေးနှုန်းဟာ စိုက်ပျိုးတောင်သူများထံမှ ကုန်သည်ယူဈေးအမြင့်ဈေး တစ်ပိဿာ ၁၈၅၀ ကျပ်မှ ဇူလိုင်လကုန်ခါနီးမှာ ၂,၀၂၅ ကျပ်အထိ ပေါက်ဈေးရှိနေသလို အာလူးဈေးဟာလည်း ကုန်သည်ယူဈေး အမြင့်ဈေး တစ်ပိဿာ ၂,၄၀၀ ကျပ်မှ ၂,၆၀၀ ကျပ်အထိ ပေါက်ဈေးရှိလာတာကြောင့်ဖြစ်တယ်လို့ သိရပါတယ်။

**MFN မှကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## အသစ်ဝင် ဂျပန်နှမ်းဖြူနှင့်မြေပဲအနီလုံးဆန်များ စံချိန်တင်ပေါက်ဈေးဖြစ်လာ

အသစ်ဝင်ဂျပန်နှမ်းဖြူနှင့်မြေပဲအနီလုံးဆန်များ စံချိန်တင်ပေါက်ဈေးဖြစ်လာကြောင်း ပဲနှမ်းကုန်သည်များထံက သိရသည်။

ဩဂုတ်လဆန်းပိုင်းကတည်းက ဈေးငြိမ်နေသည့် ပို့ကုန်ပဲများ အနည်းငယ်ဈေးမြင့်တက်လာသလို ပြည်တွင်းသုံး ပဲမာလိုင်းနှင့်ကုလားပဲအုပ်စုမှာ လက်ကျန်နည်းလာတာကြောင့် မျိုးစေ့အတွက် မျိုးဝယ်ယူမှုများကြောင့် ပဲပေါက်ဈေးများ မြင့်တက်နေခြင်းဖြစ်သည်။

ပို့ကုန် မတ်ပဲနှင့်ပဲစင်းငုံမှာ ယခင်သီတင်းပတ်ထက် ဆက်လက်မြင့်တက်လာသလို ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာလည်း ဈေး ပြန်မြင့်တက်လာကြောင်း လက်ရှိမှာ အသစ်ဝင်ဂျပန်နှမ်းဖြူတွေက စံချိန်တင်ပေါက်ဈေး တစ်အိတ် ငွေကျပ် ၄၃၅၀၀၀ ထိ ပေါက်ဈေးဖြစ်လာကြောင်း လက်ကျန်နည်းလာသည့် မြေပဲလုံးဆန်မှာ တစ်ပိဿာ ငွေကျပ် ၁၀၀၀၀ ကျော်ထိ စံချိန်တင် ပေါက်ဈေးဖြစ် လာကြောင်း ရွှေစင်သိန်းပွဲရုံမှ ဦးကျော်သွင်ကပြောသည်။

"ပြည်တွင်းသုံး ကုလားပဲအုပ်စု ဆက်လက်ဈေးမြင့်တက်နေပါတယ်။ အသစ်ဝင်ဂျပန်နှမ်းဖြူတွေက စံချိန်တင်မြင့်တက် လာလို့ နှမ်းမျိုးစုံတစ်အိတ် ငွေကျပ်သုံးသိန်းကျော် ဖြစ်လာပါတယ်။ ပို့ကုန် မတ်ပဲနဲ့ပဲစင်းငုံကလည်း ဈေးအနည်းငယ် တက်လာပါတယ်။ မြေပဲအနီလုံးဆန်ကလည်း လက်ကျန်နည်းလာတော့ တစ်ပိဿာ ငွေကျပ် ၁၀၀၀၀ ကျော်ထိ ဈေးကောင်း လာပါတယ်။ဆီဆန် တွေကတော့ တစ်ပိဿာငွေကျပ် ၇၀၀၀ အောက်ခံဈေးဖြစ်နေပါတယ်"ဟု ၎င်းကပြောသည်။

ဩဂုတ် ၁၇ ရက်တွင် သုံးတင်းဝင် မတ်ပဲပိဿာ ၆၀ တစ် အိတ်လျှင် ငွေကျပ် ၂၃၇၀၀၀ ပေါက်ဈေး၊ ပဲစင်းငုံပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၃၃၄၀၀၀ (ရောင်း)၊ ၃၃၅၀၀၀(ဝယ်)သာ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာ ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၁၆၉၀၀၀ ပေါက်ဈေးရှိတော့သည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ပို့ကုန်ပဲမဟုတ်သော်လည်း လက်ကျန်နည်းလာတာကြောင့် ဩဂုတ် ၁၇ ရက်တွင် တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ ခန့် ဆက်လက်ဈေးပြန်မြင့်တက်လာရာ ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၆၇၀၀၀၊ V7တစ် အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀၊ မြေ ထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ်ငွေ ကျပ် ၂၃၅၀၀၀ မြေပဲအနီလုံး ဆန်(ဝိုင်း)တစ်ပိဿာ ငွေကျပ် ၁၀၂၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ယခင်သီတင်းပတ်ထက် အနည်းငယ်ဈေးပြန်တက်လာရာ နှမ်းဖြူ (ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၃၅၀၀၀၊ နှမ်းညို တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ နှမ်းနက်စမုံတစ်အိတ်လျှင် ငွေကျပ် ၃၈၅၀၀၀ ပေါက်ဈေး ရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## တရုတ်ဝယ်လိုအားများခြင်းကြောင့် တစ်လအတွင်း နှမ်းတစ်တင်းဈေး လေးသောင်းတက်




ပြည်တွင်းနှမ်းဈေးကွက်တွင် ယခုလအတွင်း တရုတ်ဝယ်လိုအား များနေခြင်းကြောင့် နှမ်းမျိုးစုံ တက်ဈေးဘက်တွင်ရှိနေပြီး ဈေးကောင်းရနေကြောင်း နှမ်းကုန်သည်များထံမှ သတင်းရရှိသည်။

တရုတ်ဝယ်လိုအား ဆက်တိုက်ရှိနေသည့် မန္တလေးနှမ်းမျိုးစုံဈေးကွက်တွင် နှမ်းဖြူထိပ်စ သုံးတင်းဝင်တစ်အိတ်လျှင် ၃၉၀၀၀၀ ကျပ်မှ ၄၁၀၀၀၀ ကျပ်၊ ဂျပန်နှမ်းဖြူ သုံးတင်းဝင် တစ်အိတ်လျှင် ၄၂၀၀၀၀ ကျပ်မှ ၄၃၀၀၀၀ ကျပ်အကြား ရှိနေခြင်းဖြစ်သည်။

ထို့အပြင် နှမ်းနီနှင့် နှမ်းညိုဈေးမှာ သုံးတင်းဝင် တစ်အိတ်လျှင် ၃၃၀၀၀၀ကျပ်ရှိပြီး ယခုလအတွင်း တစ်အိတ်လျှင် ငွေကျပ် လေးသောင်းခန့် ဈေးတက်လာခြင်းဖြစ်ကြောင်း မန္တလေးကုန်စည်ဒိုင်မှ သတင်း

ရရှိသည်။ "တစ်အိတ်ကို ၃၄ ၊ ၃၅ လောက်ကတည်းကတက်လာတာ ကျလာတာကိုမရှိသေးဘူး။ အခု တရုတ်ဝယ် လက်များနေလို့ ကျဖို့အလားလာမရှိဘူး။ ထပ်တက်ဖို့ အလားလာပဲရှိတယ်။ တရုတ်ကထွက်သမျှဆွဲနေတာ တစ်ခါတစ်လေ ဝယ်လိုအား ၊ ရောင်းလိုအားတောင် မမျှဘူး။ ပစ္စည်းဝယ်ချင်တဲ့သူများပြီး ပစ္စည်းကမရှိဖြစ်နေတာ"ဟု မန္တလေးမြို့ ဝင်းပွဲရုံမှ တာဝန်ခံ ကိုရဲမိုးကပြောသည်။

ယခုလအစတွင် နှစ်သောင်းတန်ထွက်ရှိမည်သတင်းကြောင့် နှမ်းဈေးများ တဖြည်းဖြည်းမြင့်တက်လာပြီး တရုတ်ဝယ်လိုအားကြောင့်လည်း တစ်တင်းလျှင် လေးသောင်းခန့် မြင့်တက်လာခြင်းဖြစ်ကြောင်း ကိုရဲမိုးကပြောသည်။

မန္တလေး နှမ်းမျိုးစုံဈေးကွက်တွင် နှမ်းနီ ၊ နှမ်းညိုထွက်ရှိသည့် အညာဘက်တွင် စိုက်ပျိုးမှုနည်းခြင်းကြောင့် နှမ်းနက် ၊ နှမ်းညိုအဝင်နည်းကြောင်း ၊ နှမ်းနက်မှာလည်း ပစ္စည်းရှားပါးမှုကြောင့် အရောင်းအဝယ်အေးနေပြီး နှမ်းအဖြူတစ်ခုတည်းသာ အရောင်းဝယ်သွက်ခြင်းဖြစ်သည်။

နှမ်းဖြူမှာ မကွေးတိုင်းဒေသကြီး ၊ ရွှေဘို ၊ ဝက်လက်မြို့နယ်တို့မှ ထွက်ရှိနေပြီး မန္တလေးနှမ်းမျိုးစုံဈေးကွက်တွင် ဝင်ရောက်နေကြောင်း သိရှိရသည်။ မကွေးမြို့ နှမ်းဈေးကွက်တွင် နှမ်းစပေါ်ကတည်းက ဈေးတက်လာပြီး နှမ်း ၁၅ ပိဿာ တစ်တင်းလျှင် တစ်ပတ် အတွင်း ၁၃၅၀၀၀ ကျပ်မှ ၁၄၀၀၀၀ ကျပ်သို့ တက်လာခြင်းဖြစ်သည်။ "စပေါ်ကတည်းက တက်လာတာ။ အခုတော့ နှစ်ထောင်ကျသွားတယ်။ ပစ္စည်းပေါ်ချိန်ဆိုတော့ မကွေးဘက်မှာ အလုပ်ရှုပ်ကြတယ်" ဟု မြင့်မြတ်တော်ဝင်ပွဲရုံမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မေလ ၁၄ ရက်တွင် တိုက်ခတ်ခဲ့သော မိုခါမုန်တိုင်းကြောင့် နှမ်းစိုက်ခင်းများ ရေမြှုပ်ခဲ့သည့်သတင်းဖြင့် တရုတ်ကုန်သည်များ ဆက်တိုက်ဝယ်ယူရာကနေ အက်စ်စ်လွတ် နှမ်းနက် ၄၅ ပိဿာ တစ်အိတ်လျှင် ၂၅၀၀၀၀ နှင့် ၂၆၀၀၀၀ ကျပ်ရှိရာမှ သုံးသိန်းကျော်သို့ ဈေးတက်လာခြင်းဖြစ်ပြီး ယခုလေးသိန်းကျော်သို့ တက်လာခြင်း ဖြစ်သည်။

နှမ်းစိုက်ပျိုးသီးနှံကို အပူပိုင်းဒေသများဖြစ်သည့် မြန်မာနိုင်ငံအလယ်ပိုင်း မကွေး ၊ စစ်ကိုင်း နှင့် မန္တလေးတိုင်း ဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးကြသည်။ ဆီထွက်သီးနှံ စုစုပေါင်း စိုက်ဧက ၅၁ ဒသမ ၃ သန်းအနက် နှမ်းစိုက်ဧက စုစုပေါင်း ဆီထွက်သီးနှံ၏ ၅၀ ရာခိုင်နှုန်းခန့်ရှိပြီး စိုက်ဧကအများဆုံးဖြစ်သည်။

**(AMIA)**

**Source: Myanma Awba**

## ဗီယက်နမ် လျှပ်စစ်ကားကုမ္ပဏီတစ်ခုဖြစ်သည့် VinFast ၏ အစုရှယ်ယာဈေးနှုန်းသည် Volkswagen နှင့် Ford ကုမ္ပဏီတို့၏ အစုရှယ်ယာဈေးနှုန်းထက် တန်ဖိုးမြင့်လာ

ဗီယက်နမ်လျှပ်စစ်ကားကုမ္ပဏီတစ်ခုဖြစ်သည့် VinFast ၏ အစုရှယ်ယာဈေးနှုန်းသည် Volkswagen နှင့် Ford ကုမ္ပဏီတို့၏ အစုရှယ်ယာဈေးနှုန်းထက် တန်ဖိုးမြင့်လာကြောင်း ၁၆-၈-၂၀၂၃ ရက်နေ့ထုတ် CNN Business အွန်လိုင်းသတင်းတွင် "A Vietnamese electric carmaker is now worth more than Volkswagen and Ford" ခေါင်းစဉ်ဖြင့် ဖော်ပြထားရှိပါသည်။

ဗီယက်နမ်နိုင်ငံ၏ လျှပ်စစ်ကားထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်သော VinFast သည် မော်တော်ကား ကုမ္ပဏီကြီးများဖြစ်သည့် Volkswagen နှင့် Ford တို့ကို ကျော်လွန်၍ အစုရှယ်ယာတန်ဖိုး မြင့်တက်ခဲ့ပါကြောင်း၊ VinFast သည် နယူးယောက်မြို့ရှိ Black Spade Acquisition Co. နှင့် ပေါင်းစည်းခဲ့ပြီးနောက် Nasdaq တွင် စာရင်းသွင်းသည့် ပထမဆုံးနေ့တွင် ကုမ္ပဏီ၏ အစုရှယ်ယာတန်ဖိုးသည် (၂၇၀) ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပါကြောင်း၊ အစုရှယ်ယာတစ်ခုကို ဈေးကွက်စဖွင့်ချိန်၌ ကနဦးဈေးနှုန်း (၁၀) ဒေါ်လာမှ (၂၂) ဒေါ်လာအထိရှိခဲ့ပြီး ဈေးကွက်ပိတ်ချိန်တွင် (၃၇) ဒေါ်လာအထိ မြင့်တက်ခဲ့ပါကြောင်း၊ VinFast ၏ စတော့ရှယ်ယာရှင်များ ပိုင်ဆိုင်သည့် အစုရှယ်ယာတန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၈၅) ဘီလီယံကျော်ရှိခဲ့သဖြင့် Volkswagen ၏ အစုရှယ်ယာတန်ဖိုး ယူရို (၆၃.၉) ဘီလီယံ (နှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၆၉.၇ ဘီလီယံ) နှင့် Ford ၏ အစုရှယ်ယာတန်ဖိုး ယူရို (၄၈) ဘီလီယံတို့ထက် များပြားသဖြင့် ယင်းသို့မြင့်တက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ VinFast ၏ အစုရှယ်ယာ (၉၉) ရာခိုင်နှုန်းကို ဗီယက်နမ်နိုင်ငံ၏ အချမ်းသာဆုံးပုဂ္ဂိုလ် Mr. Pham Nhat Vuong ပိုင်ဆိုင်သော

ကုမ္ပဏီဖြစ်သည့် Vingroup နှင့် အခြားဌာန၏ လုပ်ငန်းခွဲများက ပိုင်ဆိုင်သည်ကို တွေ့ရပါကြောင်း၊ VinFast ကို ၂၀၁၇ ခုနှစ်တွင် Vingroup ၏ လက်အောက်ခံကုမ္ပဏီတစ်ခုအဖြစ် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ဗီယက်နမ်နှင့်မြောက်အမေရိကနိုင်ငံများတွင် လျှပ်စစ်သုံး SUV ၊ ခရီးသည် တင်ကားများ၊ Scooters များကို ထုတ်လုပ်ရောင်းချလျက်ရှိပါကြောင်းဖြင့် ဖော်ပြထားပါသည်။

VinFast ကုမ္ပဏီသည် လျှပ်စစ်ကား အမျိုးအစား (၄)မျိုးခန့်ကို အရေအတွက် (၁၉၀၀၀) ခန့်ထုတ် လုပ်ရောင်းချခဲ့ပြီး ဖြစ်ပါကြောင်း၊ VinFast သည် ဗီယက်နမ်နိုင်ငံရှိ လူသုံးအများဆုံး လျှပ်စစ်ကားအမျိုးအစားဖြစ်ပြီး မြို့ပေါင်း (၆၀)ကျော်တွင် လျှပ်စစ်ဓာတ်အားသွင်း ကွန်ယက်များကို တည်ဆောက်ထားပြီးဖြစ်ပါကြောင်း၊ အမေရိကန်နိုင်ငံတွင်လည်း လျှပ်စစ်ကား ထုတ်လုပ်သူအဖြစ် အောင်မြင်မှုရရှိနေသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ လတ်တလောတွင် စီးပွားရေးအမြတ်အစွန်းရရှိမှု မရှိသေးဘဲ အမေရိကန်ဒေါ်လာ (၁.၄) ဘီလီယံဆုံးရှုံးခဲ့ကာ ကြွေးမြီအမေရိကန်ဒေါ်လာ (၂.၅) ဘီလီယံ ပေးဆောင်ရန် ရှိကြောင်းဖြင့် ဖော်ပြထားပါသည်။

**(စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_180820230923

## ကမ္ဘောဒီးယားဆန်တန်ချိန် ၁ သိန်းကျော် အင်ဒိုနီးရှားတင်သွင်းမည်

ကမ္ဘောဒီးယားဆန်ကို ယခုနှစ် ပထမနှစ်ဝက်တွင် ၅၂ နိုင်ငံသို့ တင်ပို့ခဲ့သည်။ တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားဆန် အများဆုံး ဝယ်ယူသည့်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေသည်။

အင်ဒိုနီးရှားအစိုးရသည် အရန်ဆန်သိုလှောင်ရန် ပြည်ပမှဆန်များကို ဝယ်ယူတင်သွင်းလျက်ရှိရာ ကမ္ဘောဒီးယား ဆန်ကိုလည်း ဝယ်ယူတင်သွင်းမည်ဖြစ်သည်။ ကမ္ဘောဒီးယားနှင့်အင်ဒိုနီးရှားတို့သည် ကမ္ဘောဒီးယားမှ ဆန်တန်ချိန် ၁၂၅,၀၀၀ တင်ပို့ရန် သဘောတူညီမှုရရှိခဲ့ကြောင်း အင်ဒိုနီးရှားစီးပွားကူးသန်းဝန်ကြီးနှင့် ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးတို့ ပူးတွဲကြေညာချက်ထုတ်ပြန်သည်။ ကမ္ဘောဒီးယားဆန် တန်ချိန် ၁၂၅,၀၀၀ ကို အင်ဒိုနီးရှားကဝယ်ယူရာ၌ ဆန်ဖြူ တန်ချိန် ၁ သိန်းနှင့် တန်းမြင့်ဆန် တန်ချိန် ၂၅,၀၀၀ တို့ ပါဝင်သည်။

အင်ဒိုနီးရှားက ကမ္ဘောဒီးယားဆန် တစ်နှစ်လျှင် တန်ချိန် ၂၅၀,၀၀၀ ကို ၄ နှစ်ဆက်တိုက် ဝယ်ယူရန်အတွက် နားလည်မှု စာချွန်လွှာကိုလည်း လက်မှတ်ရေးထိုးခဲ့ကြသည်။ အင်ဒိုနီးရှားသည် ဆန်ဝယ်ယူတင်သွင်းရန် ရင်းမြစ်အသစ်များ ရှာဖွေနေရာ၌ ကမ္ဘောဒီးယားဆန်ကို ဝယ်ယူတင်သွင်းခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ဆန်စက်များ၊ သိုလှောင်ရုံများ၊ ထောက်ပံ့ပို့ဆောင်ရေး အခြေခံအဆောက်အအုံများအပြင် ကမ္ဘောဒီးယားသို့ ဓာတ်မြေသြဇာများတင်ပို့ရေးတွင်လည်း ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြောင်း ထုတ်ဖော်ပြောကြားသည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နှင့် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုတို့ ဖုန်းဖြင့်ဆက်သွယ်ပြောဆိုခဲ့ကြပြီးနောက် ကမ္ဘောဒီးယားနိုင်ငံမှ ဆန်တင်သွင်းရန် ရည်ရွယ်ချက်ကို အင်ဒိုနီးရှားမှ အတည်ပြုပြောကြားခဲ့သည်။ အင်ဒိုနီးရှား စီးပွားကူးသန်းဝန်ကြီး နှစ်ရက်ကြာ ကမ္ဘောဒီးယား ခရီးစဉ်တွင် ဆန်အရောင်းအဝယ်ကိစ္စ သဘောတူညီမှုရရှိခဲ့ကြသည်။

ကမ္ဘောဒီးယားသည် ယခုနှစ် ပထမနှစ်ဝက်တွင် ဆန် ၃၂၉,၆၃၃ တန် တင်ပို့ခဲ့ပြီး ဝင်ငွေ ကန်ဒေါ်လာ ၂၂၉ သန်းခန့် ရရှိခဲ့သည်။ တန်းမြင့် မွှေးရနံ့ဆန်၊ ဆန်မွှေး၊ ဆန်လုံးရှည် ၊ဆန်ဖြူ ပေါင်းဆန်နှင့် အော်ဂဲနစ်ဆန်တို့ကို တင်ပို့သည်။

ကမ္ဘောဒီးယား ဆန်စပါးအဖွဲ့ချုပ် Cambodian Rice Federation (CRF) က ၂၀၂၃ ခုနှစ်တွင် ကမ္ဘောဒီးယားဆန်တန်ချိန် ၇၅၀,၀၀၀ တင်ပို့ရန် ရည်မှန်းထားသည်။

**Source: Khmer Times**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6694-asia-rice.html

# STOCK EXCHANGE (18.8.2023)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 18th Aug, 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,701 (Shares) | 45,975,600 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +200 | +2.27% | 8,900 | 9,000 | 8,900 | 2,084 | 18,626,900 | 33,109,694 | 297,987 |
| MTSH | 00002 | 3,150 | +50 | +1.61% | 3,100 | 3,150 | 3,100 | 4,542 | 14,088,350 | 38,929,150 | 122,627 |
| MCB | 00003 | 8,000 | +200 | +2.56% | 8,000 | 8,000 | 7,800 | 163 | 1,303,800 | 10,400,986 | 83,208 |
| FPB | 00004 | 1,650 | -50 | -2.94% | 1,650 | 1,650 | 1,650 | 143 | 235,950 | 29,664,613 | 48,947 |
| TMH | 00005 | 2,350 | +50 | +2.17% | 2,400 | 2,400 | 2,350 | 101 | 242,350 | 12,823,224 | 30,135 |
| EFR | 00006 | 2,350 | +50 | +2.17% | 2,300 | 2,350 | 2,300 | 1,005 | 2,311,750 | 19,977,223 | 46,947 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 25 | 122,500 | 10,497,598 | 51,438 |
| MAEX | 00008 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,900 | 4,638 | 9,044,000 | 23,804,946 | 46,420 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 18th Aug, 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 385.81 | +5.73 | +1.51% | 381.05 | 385.81 | 381.05 | 12,701 | 45,975,600 | 8 | 727,709 |

### Index chart




YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

We are the first-ever m Quick link Notice Disclosure

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 18th Aug, 2023

| Trading Volume | Trading Value |
|---|---|
| 12,701 (Shares) | 45,975,600 (MMK) |

## Main Board

As of 1:00 pm, 18th Aug, 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,701 (Shares) | 45,975,600 (MMK) |

| MYANPIX | 385.81 ▲ 5.73 |
|---|---|
| Total Volume (shares) | 12,701 |
| Total Value (MMK) | 46 mil |
| Listed Company | 8 |
| Market Cap. (MMK) | 727,709 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 200 |
| MTSH | 00002 | 3,150 | ▲ 50 |
| MCB | 00003 | 8,000 | ▲ 200 |
| FPB | 00004 | 1,650 | ▼ 50 |
| TMH | 00005 | 2,350 | ▲ 50 |
| EFR | 00006 | 2,350 | ▲ 50 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,950 | ▲ 0 |